၂၀၂၀ ဘဏ္ဍာရေးနှစ်

# နိုင်ငံခြားသားကျောင်းဝင်ခွင့် (ပညာတော်သင်) ကျောင်းသားများ လျှောက်ထားရန်လိုအပ်သည့်အချက်အလက်များ

ကျောင်းကော်ပိုရေးရှင်း တိုကျိုဆဲအိအဲအိတက္ကသိုလ် / အသိအမှတ်ပြုသက်မွေးကျောင်း
အလုပ်သမားနှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၏ပြဋ္ဌာန်းချက်

**တိုကျိုဆဲအိအဲအိတက္ကသိုလ် အချက်အပြုတ်သက်မွေးသင်တန်းကျောင်း**

သင်ကြားသည့်ဘာသာရပ် : အချက်အပြုတ်သင်တန်း၊ အချက်အပြုတ်ဘာသာရပ်

(၁ နှစ်သင်ကြားရေးစနစ်)

《 သတိပြုရန် 》

＊ကျောင်းဝင်ခွင့်လုပ်ငန်းစဉ်ဆောင်ရွက်ပြီးသည့်နောက်၊ ဤကျောင်းမှထုတ်ပေးသည့် ကျောင်းဝင်ခွင့်လက်မှတ်အရ နေထိုင်ခွင့်အသိအမှတ်ပြုလက်မှတ်ကိုမရရှိခဲ့လျှင် ကျောင်းဝင်ခွင့်လတ်မှတ်ကို ပြန်လည် ရုတ်သိမ်းခြင်းခံရမည်။

＊ဗီဇာလျှောက်ထားခြင်းကို မိမိကိုယ်တိုင်ဆောင်ရွက်ရန်။ ဗီဇာလျှောက်ထားခြင်းနှင့် ပတ်သက်၍ အသေးစိတ်ကို လူဝင်မှုကြီးကြပ်ရေးဌာနသို့ မေးမြန်းစုံစမ်းရန်။

＊ဤကျောင်း၌ နေထိုင်ခွင့်အသိအမှတ်ပြုလက်မှတ်ကို ကိုယ်စားလျှောက်ထားခြင်း ဆောင်ရွက်ပေးမည်မဟုတ်ပါ။

○ စားဖိုမှူးဥပဒေ အခန်း ၄ အပိုဒ် ၂ နှင့် ညီညွတ်နေသူများ (မူးယစ်ဆေး၊ ဘိန်း၊ ဆေးခြောက် (သို့) စိတ်ကြွဆေးသုံးစွဲသူနှင့် ဒဏ်ကြေးနှင့် အထက် ပြစ်ဒဏ်ချမှတ်ခြင်းခံရသူများ) သည် ကျောင်းမှဘွဲ့ရပြီးသော်လည်း စားဖိုမှူးလိုင်စင်ကို ရရှိနိုင်မည်မဟုတ်ပါ။ ထို့ပြင် စားဖိုမှူးဥပဒေ အခန်း ၄ တွင်ပြဌာန်းထားသည့်အတိုင်း စားဖိုမှူးလိုင်စင်ကို အသိမ်းခံရပြီးသည့်နောက်၊ ၁နှစ် မပြည့်သေးသူများသည်လည်း ထိုနည်းတူစွာ လိုင်စင် ရရှိနိုင်မည်မဟုတ်ပါ။

<u>ကိုယ်ရေးအချက်အလက်များ ကိုင်တွယ်ခြင်းနှင့် စပ်လျဉ်း၍</u>

(၁) လျှောက်ထားချိန်တွင် တင်သွင်းထားသည့်ကိုယ်ရေးအချက်အလက်များကို ကျောင်းဝင်ခွင့်စီမံရုံးတွင်သာ အသုံးပြုပြီး ကိုက်ညီမှုနှင့် လုံခြုံမှုရှိစေရန်စီမံပေးပါသည်။ ထို့ပြင် အအောင်အရှုံးရလဒ်နှင့်စပ်လျဉ်းသော သတင်းအချက်အလက်နှင့် ပတ်သက်၍လည်း ဝင်ခွင့်ဖြေဆိုသောသူထံသို့ တိုက်ရိုက် အကြောင်းကြားပေးသည်မျိုးလည်း ရှိပါသည်။

(၂) လျှောက်လွှာစာရွက်စာတမ်းများကို တင်သွင်းခြင်းအရ အထက်ပါအကြောင်းအရာများကို နားလည်လက်ခံထားသည်ဟု ယူဆကာ ကိုင်တွယ်စီစစ်ပေးပါသည်။

၂၀၂၀ ဘဏ္ဍာရေးနှစ် တိုကျိုအဲအိဆဲအိတက္ကသိုလ် အချက်အပြုတ်သင်တန်းကျောင်း နိုင်ငံခြားသား ကျောင်းဝင်ခွင့် (ပညာတော်သင်) ကျောင်းသားများ လျှောက်ထားရန် လိုအပ်သည့် အချက်အလက်များ

## ၁။ လက်ခံမည့်ဦးရေနှင့် သင်တန်းကာလ

| နေ့အတန်း | သင်တန်း | ဘာသာရပ် | စတင်မည့် ကာလ | လက်ခံမည့် ဦးရေ | လိင် | သင်တန်းကြာချိန် |
|---|---|---|---|---|---|---|
| | အချက်အပြုတ်သင်တန်း | အချက်အပြုတ် ဘာသာရပ် | ဧပြီလ | ၈၀ ယောက် | ကျား-မအတူ | ၁ နှစ် |

## ၂။ ကျောင်းတက်ရန် ( လျှောက်ထားရန်) အရည်အချင်း

အောက်ပါ (၁) မှ (၄)အထိအားလုံး ကိုက်ညီသောသူ

(၁) အသက် ၁၈ နှစ်ကျော်ရှိပြီး၊ ဂျပန်နိုင်ငံသားမဟုတ်သောသူ၊ နိုင်ငံခြား (သို့) ဂျပန်နိုင်ငံတွင် ၁၂ နှစ်ကြာ ကျောင်းပညာရေး (အထက်တန်း) ပြီးဆုံးထားသူ(သို့) ဂျပန်ပညာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ထိုအချက်နှင့်ကိုက်ညီသည့် သီးသန့်ချမှတ်ထားသော အခြေခံပညာရေးသင်ရိုးကို ပြီးဆုံးထားသောသူ။

(၂) ကျောင်းဝင်ပြီးသည့်နောက် ဂျပန်စာဖြင့် သင်ခန်းစာသင်ရန်စွမ်းရည်ပြည့်မီမှုရှိပြီး၊ အောက်ပါ အချက် ၁ မှ ၅ အထိ တစ်ခုခုနှင့် ကိုက်ညီမှုရှိသောသူ။

၁။ ဂျပန်စာပညာရေးအဖွဲ့အစည်း ( (အဖွဲ့အစည်း) ဂျပန်စာပညာရေးအထောက်အကူပြုအဖွဲ့အစည်းမှ အသိအမှတ် ပြုခြင်း ) မှချမှတ်ထားသောလမ်းစဉ်ဖြင့် ၆ လအထက် ဂျပန်စာကိုလေ့လာသင်ကြားခဲ့သူ။
၂။ ဂျပန်စာအရည်အချင်းစစ်စာမေးပွဲ (JLPT) တွင် N2 (ဂျပန်စာအဆင့်၂) အထက် အောင်မြင်ထားသောသူ။
၃။ ဂျပန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) ၏ ဂျပန်စာဘာသာရပ် (အဖတ်၊ နားထောင်ခြင်း၊ နားထောင်ခြင်းနှင့် အဖတ်ပေါင်း၍) အမှတ် ၂၀၀ အထက် ရရှိထားသောသူ။
၄။ လုပ်ငန်းသုံးဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ( BJT) တွင် အမှတ် ၄၀၀ နှင့်အထက်ရရှိထားသောသူ။
၅။ ဂျပန်နိုင်ငံရှိကျောင်းပညာရေးဥပဒေ အပိုဒ် ၁ တွင်ပြဋ္ဌာန်းထားသော ကျောင်း ( သူငယ်တန်းမှလွဲ၍) မှာ ၁ နှစ်အထက် ပညာသင်ကြားခဲ့သူ။ (ကောလိပ်နှင့်တက္ကသိုလ်ရှိ ၁နှစ် အထက် သီးသန် ဂျပန်စာ သင်ရိုးလည်း ပါဝင်ပါသည်။)

(၃) ကျောင်းဝင်ပြီးသည့်နောက် သင်ခန်းစာ သင်ယူခြင်းလေ့လာခြင်း၊ စာသင်ကြားရေးစရိတ်၊ စားဝတ်နေရေး စရိတ် စသည်တို့တွင် အခက်အခဲမရှိသောသူ။

(၄) ကုန်ကျစရိတ် ထောက်ပံ့ပေးမည့်သူ (အာမခံပေးမည့်သူ) သည် အရွယ်ရောက်ပြီးသောဂျပန်လူမျိုး (သို့) ဂျပန်တွင် အမြဲတမ်းနေထိုင်ခွင့်ရှိသော နိုင်ငံခြားသားဖြစ်ရန်နှင့် ဂျပန်နိုင်ငံအတွင်းဆက်သွယ်နိုင်မည့် လိပ်စာ ရှိသောသူ ဖြစ်ရမည်။

## ၃။ လျှောက်လွှာလက်ခံသည့်ကာလ (သတ်မှတ်ထားသည့်ရက်အတွင်း တင်ရန်)

၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂ ရက် (တနင်္လာ) ～ ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ ၂၉ ရက် (စနေ)

## ၄။ လျှောက်လွှာတင်ရန် နည်းလမ်း

- လျှောက်လွှာတင်ရန် နည်းလမ်း
  ကျောင်းဝင်ခွင့်လျှောက်လွှာ စသည့်လိုအပ်သော စာရွက်စာတမ်းများကို ဤကျောင်း၏ ဝင်ခွင့်ကောင်တာ အမည်ဖြင့် စာတိုက်မှပို့ခြင်း (လွယ်ကူစွာစာရင်းပို့ခြင်း) သို့မဟုတ် ဤကျောင်း၏ ရုံးခန်းကောင်တာသို့ တင်သွင်းပါ။
  *ကောင်တာလက်ခံသည့်အချိန် 【ကြားရက် : နံနက် ၉နာရီ မှ ညနေ ၅နာရီအထိ (စနေနေ့တွင် နေ့လည် ၁၂ နာရီ အထိ)ဖြစ်ပါသည်။ တနင်္ဂနွေ၊ အစိုးရရုံးပိတ်ရက်၊ ဤကျောင်း၏ပိတ်ရက်များ မပါဝင်ပါ။】
- စာမေးပွဲကြေး
  ယန်း ၂၀၀၀၀
  စာမေးပွဲကြေးကို သတ်မှတ်ထားသောစာရွက်တွင် လိုအပ်သောအချက်အလက်များကို ဖြည့်သွင်း၍ မူလအတိုင်း မဖြုတ်ဘဲ ဘဏ်၏ကောင်တာမှတဆင့် ငွေလွှဲပေးပါ။ (ကျောင်းကောင်တာတွင် လျှောက်လွှာတင်လျှင် ငွေသားဖြင့်ပေးချေနိုင်ခြင်း) ငွေလွှဲပြီးသည့်နောက် ငွေလွှဲပြီးကြောင်းအကြောင်းကြားစာ (ကျောင်းဝင်ခွင့်လျှောက်လွှာနှင့် ပူးတွဲပါပြီး :ပြေစာအမှတ်အသား ၃) ကိုလက်ခံရရှိက၊ ကျောင်းဝင်ခွင့်လျှောက်လွှာ၏ သတ်မှတ်ထားသောပုံစံဖြင့်ပူးတွဲပြီးနောက် လျှောက်လွှာစာရွက်စာတမ်းများနှင့် အတူတကွ စာတိုက်မှ ပို့ပါ။
  စာမေးပွဲကြေးကို မလွှဲဘဲ လျှောက်လွှာတင်ပါက ကျောင်းဝင်ခွင့်လျှောက်လွှာကို လက်ခံပေးမည် မဟုတ်ပါ။

## ၅။ လျှောက်လွှာတင်ရန် စာရွက်စာတမ်းများ

၁။ ကျောင်းဝင်ခွင့်လျှောက်လွှာ (ဤကျောင်းမှသတ်မှတ်ထားသည့်ပုံစံ)

- လိုင်စင်ဓာတ်ပုံ ၁ပုံ (အလျား ၄ စင်တီမီတာx အနံ ၃ စင်တီမီတာ လျှောက်လွှာမတင်ခင် ၃ လ အတွင်း ရိုက်ထားသောပုံ (ကာလာ၊ အဖြူအမဲ မည်သည်ကိုမဆိုလက်ခံ) ကို ညာဘက်အပေါ်ရှိ သတ်မှတ်ထားသော နေရာတွင် ကပ်ပေးပါ။

၂။ ကိုယ်ရေးရာဇဝင် (ဤကျောင်းမှသတ်မှတ်ထားသည့်ပုံစံ)

၃။ မိမိနိုင်ငံတွင် နောက်ဆုံးတက်ရောက်ပြီးခဲ့သောတက္ကသိုလ်မှ ဘွဲ့လက်မှတ်၊ (သို့) ၁၂ နှစ်အထက် အခြေခံကျောင်းပညာရေး ပြီးဆုံးကြောင်း တရားဝင်စာရွက်စာတမ်း
(မူရင်း) <u>ဂျပန်စာဖြင့် မရေးသွင်းထားသည့် စာရွက်စာတမ်းများကို သံရုံးစသည့် အများပြည်သူနှင့် သက်ဆိုင်သောရုံးများတွင် ဂျပန်စာဖြင့် ဘာသာပြန်ထား သော စာရွက်စာတမ်းနှင့်အတူ ပူးတွဲပေးပါ။</u>

၄။ မိမိနိုင်ငံတွင် နောက်ဆုံးတက်ရောက်ခဲ့သောတက္ကသိုလ်မှ အမှတ်စာရင်းနှင့် ဂျပန်တွင်ဘွဲ့ရရှိထားသော ကျောင်း (ဂျပန်စာသင်ကျောင်းပါဝင်)
(မူရင်း) <u>ဂျပန်စာဖြင့် မရေးသွင်းထားသည့် စာရွက်စာတမ်းများကို သံရုံးစသည့် အများပြည်သူနှင့် သက်ဆိုင်သောရုံးများတွင် ဂျပန်စာဖြင့် ဘာသာပြန်ထားသော စာရွက်စာတမ်းနှင့်အတူ ပူးတွဲပေးပါ။</u>

၅။ ကုန်ကျစရိတ် ထောက်ပံ့ခြင်းကိုဖော်ပြနိုင်မည့် စာရွက်စာတမ်း

- ကုန်ကျစရိတ်ကို ထောက်ပံ့ပေးမည့်ကာယကံရှင်၏ ဘဏ်စာအုပ်မိတ္တူ၊ လက်ကျန်ငွေ ဖော်ပြထားသည့် တရားဝင်စာရွက်စာတမ်း၊ တနည်းအားဖြင့် ငွေလွှဲထားသည်ကို သက်သေပြနိုင်သည့် စာရွက်စာတမ်းကို (အလွန်ဆုံးတစ်လအတွင်းငွေလွှဲထားသည့် စာရွက်စာတမ်း) တစ်ခုခုကို တင်ပြနိုင်ရမည်။

၆။ အမျိုးသားကျန်းမာရေးအာမခံကတ်မိတ္တူ (ရှိပါက)

၇။ ပတ်စပို့မိတ္တူ (ဓာတ်ပုံပါသည့်စာမျက်နှာ၊ နေထိုင်ခွင့်ကာလနှင့် နေထိုင်ခွင့်မှ ဘောင်ကျော်လုပ်ရှားပိုင်ခွင့် ခွင့်ပြုချက် ဖော်ပြထားသော စာမျက်နှာ)

၈။ နေထိုင်ခွင့်လက်မှတ်မိတ္တူ (နှစ်ဖက်စလုံး)

၉။ အောက်ပါ ၁ မှ ၅ အထိ သက်သေစာရွက်စာတမ်းတစ်ခုခုကို၊ ၂။ ကျောင်းတက်ရန်(လျှောက်လွှာ) အရည်အချင်းအတိုင်း လိုအပ်သောစာရွက်စာတမ်းများကို တင်ပြပါ။

၁။ ဂျပန်ဘာသာကျောင်းမှ ဘွဲ့လက်မှတ် (သို့) ဘွဲ့ထောက်ခံစာနှင့် ကျောင်းခေါ်ချိန်၊အမှတ်စာရင်း။

၂။ ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ (JLPT) တွင် N2 (ဂျပန်စာအဆင့်၂) အထက်အောင်လတ်မှတ်

၃။ ဂျပန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) ၏ ဂျပန်စာဘာသာရပ် (အဖတ်၊ နားထောင်ခြင်း၊ နားထောင်ခြင်း နှင့် အဖတ်ပေါင်း၍) အမှတ် ၂၀၀ အထက် အမှတ်စာရင်းလွှာ

၄။ လုပ်ငန်းသုံးဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ( BJT)ပွဲတွင် အမှတ် ၄၀၀ နှင့်အထက် အမှတ်စာရင်း အသိအမှတ်ပြုလွှာ

၅။ ကျောင်းပညာရေးဥပဒေ အပိုဒ် ၁ တွင်ပြဋ္ဌာန်းထားသော ကျောင်း ( သူငယ်တန်းမှလွဲ၍) တွင် ၁နှစ် အထက်သောပညာအား သင်ကြားခဲ့ကြောင်းကို သက်သေပြနိုင်မည့် ကျောင်းမှ ထုတ်ပေးသော အသိအမှတ်ပြုလွှာ

၁၀။ စာမေးပွဲကြေး (ယန်း ၂၀၀၀၀)

| |
|---|
| * လျှောက်လွှာမတင်ခင် (ကျောင်းဝင်ခွင့် အတွေ့အကြုံ) သို့မဟုတ် (သီးသန့်ကျောင်းသို့လာရောက်ခြင်း) စသည့် ကျောင်းဝင်ရန်ဆွေးနွေးခြင်းကို လက်ခံပေးပါ။ |

## ၆။ လက်ခံရွေးချယ်သည့်နည်းလမ်းနှင့် အအောင်အရှုံး အကြောင်းကြားခြင်း

တင်သွင်းထားသည့် စာရွက်စာတမ်းများကို ကြည့်၍ အင်တာဗျူးနှင့် အရည်အချင်းစစ်စာမေးပွဲ (ရေးဖြေ) များဖြင့် အအောင်အရှုံးကို ဆုံးဖြတ်ပါမည်။ ထို့ပြင် အအောင်အရှုံးရလဒ်များကို စာတိုက်မှတဆင့် ကာယကံရှင်ထံ အကြောင်းကြားပါမည်။

## ၇။ ကျောင်းစရိတ် စသည်

○ အချက်အပြုတ်သက်မွေးမှုသင်တန်း၊ အချက်အပြုတ်ဘာသာရပ် (၁နှစ် သင်ကြားရေးစနစ်)　　(စံနှုန်း ယန်း)

| အကြောင်းအရာ | ကျောင်းတက်မည့်ကာလ (ပထမနှစ်ဝက်) | ဒုတိယနှစ်ဝက် |
|---|---|---|
| ကျောင်းဝင်ကြေး | ၁၆၀၀၀၀ | ——— |
| သင်တန်းကြေး | ၂၆၀၀၀၀ | ၂၆၀၀၀၀ |
| ထောက်ပံ့ပစ္စည်းစရိတ် | ၁၀၀၀၀၀ | ၁၀၀၀၀၀ |
| အချက်အပြုတ်လက်တွေ့ လေ့ကျင့်ရေးကြေး | ၁၂၅၀၀၀ | ၁၂၅၀၀၀ |
| အထွေထွေကုန်ကျစရိတ် | ၅၅၀၀၀ | ——— |
| စုစုပေါင်း | ၇၀၀၀၀၀ | ၄၈၅၀၀၀ |
| ၁နှစ်စာသွင်းရမည့်ငွေပမာ | ၁၁၈၅၀၀၀ | |

＊ကျောင်းစရိတ်အရစ်ကျခွဲသွင်းခြင်း၊ ထောက်ပံ့ပစ္စည်းကြေး၊ သင်တန်းကြေး၊ အချက်အပြုတ် လက်တွေ့လေ့ကျင့်ရေးကြေးများကို ကာလတစ်ခုစီတွင်၂ ကြိမ်မှ ၄ ကြိမ်အထိအရစ်ကျခွဲသွင်းနိုင်ပါသည်။

( ၄ကြိမ်နှင့်အထက် အရစ်ကျခွဲသွင်းခြင်းနှင့်ပတ်သက်၍ သင်တန်းကျောင်းရုံးခန်းတွင် မေးမြန်းစုံစမ်းပါ။)

(ဥပမာ)　ပထမနှင့် ဒုတိယနှစ်ဝက် ကို ၂ ကြိမ်စီခွဲ၍ အရစ်ကျသွင်းလျှင်

| အကြောင်းအရာ | ၁ကြိမ်မြောက်ခွဲသွင်းခြင်း(ယန်း) | ၂ကြိမ်မြောက်ခွဲသွင်းခြင်း(ယန်း) |
|---|---|---|
| ကျောင်းဝင်ခွင့်ဆောင်ရွက်ချိန် ( ပထမနှစ်ဝက် ) | ၄၆၆၇၀၀ | ၂၄၂၅၀၀ |
| ဒုတိယနှစ်ဝက်အရစ်ကျသွင်းချိန် | ၂၆၂၉၅၀ | ၂၄၂၅၀၀ |

(ဥပမာ)　ပထမနှင့် ဒုတိယနှစ်ဝက် ကို ၄ ကြိမ်စီခွဲ၍ အရစ်ကျသွင်းလျှင်

| အကြောင်းအရာ | ၁ကြိမ်မြောက်ခွဲသွင်းခြင်း(ယန်း) | ၂ကြိမ်မြောက်ခွဲသွင်းခြင်း(ယန်း) | ၃ ကြိမ်မြောက်ခွဲသွင်းခြင်း(ယန်း) | ၄ ကြိမ်မြောက်ခွဲသွင်းခြင်း(ယန်း) |
|---|---|---|---|---|
| ကျောင်းဝင်ခွင့်ဆောင်ရွက်ချိန် (ပထမနှစ်ဝက်) | ၃၄၅၄၅၀ | ၁၂၁၂၅၀ | ၁၂၁၂၅၀ | ၁၂၁၂၅၀ |
| ဒုတိယနှစ်ဝက် အရစ်ကျသွင်းချိန် | ၁၄၁၇၀၀ | ၁၂၁၂၅၀ | ၁၂၁၂၅၀ | ၁၂၁၂၅၀ |

ထို့အပြင် အောက်ပါ ကုန်ကျစရိတ်များလည်းရှိပါမည်။ (အသေးစိတ်ကို ကျောင်းဝင်ခွင့်အောင်ကြောင်း အကြောင်းကြားချိန်တွင် ပူးတွဲ၍ပေးပို့ပါမည်။)

(၁) ကျောင်းဝင်ရန် လုပ်ငန်းစဉ် (ပထမနှစ်ဝက်)

၁။ ထောက်ပံ့အဖွဲ့အစည်းကြေး　　ဝင်ကြေး　　၅၀၀၀ ယန်း

　　အဖွဲ့ဝင်ကြေး　　၄၂၀၀ ယန်း (နှစ်ဝက်ကြေး)

ဤကျောင်း၏ ထောက်ပံ့ကြေးအဖွဲ့အစည်းကို ပညာရေးအတွက်သင်ထောက်ကူများဖြင့် သင်ယူလေ့လာခြင်းများတိုးတက်လာစေရန်နှင့် သင်ကြားရေးဝန်ထမ်းများ၏ လက်တွေ့စမ်းသပ်မှုများ ပိုမိုဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဖွဲ့စည်းထားပါသည်။ ကျောင်းသားသစ်များ၏ အာမခံသူ (အုပ်ထိန်းသူ) များအားလုံး အဖွဲ့ဝင်ရမည်ဖြစ်ပါသည်။

＊ထို့ပြင် သင်ထောက်ကူပစ္စည်း ကုန်ကျစရိတ်၊ ဖတ်စာအုပ်၊ ဝတ်စုံအဖြူ( အပေါ်အောက်)၊ မီးဖိုချောင်သုံးပစ္စည်း

ကိရိယာခများစသည်၊ မတော်တဆ ပျက်ဆီးဆုံးရှုံးမှုအတွက် အာမခံကြေး (၁နှစ်စာ) အခန်းကြေးကို ကျောင်း ဝင်ရောက်ပြီးသည့်နောက် ငွေသားဖြင့်တခါထဲပေးချေရပါမည်။ ၁၁၀၀၀၀ယန်း (ခန့်မှန်းခြေ) * အထက်ပါတွင် ဖော်ပြထားသည့် အရစ်ကျသွင်းရမည့် ငွေပမာဏနှင့် မသက်ဆိုင်ပါ။

(၂) ကျောင်းဝင်ပြီးနောက် (ဒုတိယနှစ်ဝက်)

| | | |
|---|---|---|
| ၁။ ကျွမ်းကျင်စားဖိုမှူး၊ အချက်အပြုတ်ကျွမ်းကျင်ပညာရှင်စစ်ဆေး (စာမေးပွဲ) ကြေးနှင့်လေ့ကျင့်ခန်းစာအုပ်ကြေး | | ၄,၅၅၀ ယန်း (ခန့်မှန်းခြေ) |
| ၂။ ဘွဲ့ယူအမှတ်တရပစ္စည်းအတွက်ကြိုတင်ငွေပေးခြင်း | | ၂၀၀၀ ယန်း |
| ၃။ ကျောင်းသားဟောင်းတွေ့ဆုံပွဲကြိုတင်ငွေပေးခြင်း | ဝင်ကြေး | ၃၀၀၀ ယန်း |
| | အဖွဲ့ဝင်ကြေး | ၇၀၀၀ ယန်း(တစ်သက်တာဝင်ကြေး) |
| ၄။ ထောက်ပံ့အဖွဲ့အစည်းကြေး | အဖွဲ့ဝင်ကြေး | ၄,၂၀၀ ယန်း(နှစ်ဝက်ကြေး) |

*နိုင်ငံရပ်ခြား လေ့ကျင့်ရေးခရီး (ဆန္ဒရှိသူသာလျှင် ) စရိတ်နှင့် ပတ်သက်၍ ကျောင်းဝင်ပြီးသည့်နောက် သီးသန့် လမ်းညွှန်မှု ဆောင်ရွက်ပေးပါမည်။

*တိုကျို ဆဲအိအဲအိတက္ကသိုလ် အချက်အပြုတ်သက်မွေးသင်တန်းကျောင်း (ယခင် ဆဲအိတိုခု အချက်အပြုတ်သင်တန်းကျောင်း) ၏ဘွဲ့ရရှိပြီးသူများ၏ ကလေးများနှင့် ညီအစ်ကိုမောင်နှမများမှာ ကျောင်းဝင်ကြေး (ယန်း ၁၆၀၀၀၀) နှင့်အတူ လျှောက်လွှာကြေး (ယန်း ၂၀၀၀၀) ကင်းလွတ်ပါမည်။

## ၈။ ကျောင်းဝင်ရန် လုပ်ငန်းစဉ်များဆောင်ရွက်ခြင်း

- အောင်ကြောင်းအကြောင်းကြားစာကို လက်ခံရရှိသည့် ပုဂ္ဂိုလ်များအနေဖြင့် သတ်မှတ်ထားသောရက် မတိုင်ခင်သတ်မှတ်ထားသည့် ကျောင်းစရိတ်ကိုသွင်းရမည်ဖြစ်ပြီး၊ ကျောင်းဝင်ရန်လုပ်ငန်းစဉ်များကို ပြုလုပ်ပါ။ (ငွေသွင်းမည့်အချိန်မှာ ပုံမှန်အားဖြင့် ၂ပတ်အတွင်းသွင်းပေးရပါမည်။)

* ကျောင်းစရိတ်ခွဲသွင်းခြင်းကို ဆောင်ရွက်မည်ဆိုလျှင် သင်တန်းကျောင်းရုံးခန်းသို့ မေးမြန်းစုံစမ်းပေးပါ။

* ကျောင်းဝင်ရန် လုပ်ထုံးလုပ်နည်းများကို နှောင့်နှေးခဲ့လျှင်၊ ဝင်ခွင့်အောင်ခြင်းကို ရုတ်သိမ်းခံရသည်မျိုးလည်း ရှိပါသည်။

* ဤကျောင်း၌ ကျောင်းစရိတ်သွင်းခြင်းများကို စစ်ဆေးပြီးသည့်နောက် ကျောင်းဝင်ခွင့်လက်မှတ်စသည့် စာရွက်စာတမ်းများကို ပေးပို့ပေးပါမည်။

## ၉။ ကျောင်းဝင်ခွင့် ပယ်ဖျက်ခြင်းနှင့် ကျောင်းစရိတ်စသည့်သွင်းထားသည့်ငွေများ ပြန်အမ်းပေးခြင်း

- ကျောင်းဝင်ရန်လုပ်ငန်းစဉ်များကို ဆောင်ရွက်ပြီးသည့်နောက် ဝင်ခွင့်ပယ်ဖျက်မည့် ပုဂ္ဂိုလ်များသည် ၂၀၂၀ ခုနှစ် မတ်လ ၃၁ ရက် (အင်္ဂါ) မတိုင်ခင်အထိ စာလွှာဖြင့် တောင်းဆိုသည့်အခါကိုသာ (သတ်မှတ်ထားသည့် ရက်သာပယ်ဖျက်ခြင်းအကျိုးသက်ရောက်မှုရှိ) ချွင်းချက်ထားပြီး (ကျောင်းဝင်ကြေးမှလွဲ၍) ပေးထားသော ကျောင်းစရိတ်စသည့် သွင်းထားသောငွေများကို ပြန်လည်ပေးပို့ (ဧပြီလအကုန်တွင်) ပေးပါမည်။

(ကျောင်းဝင်ခြင်းနှင့် ပတ်သက်၍ စုံစမ်းမေးမြန်းနိုင်သည့်လိပ်စာ)

ကျောင်းကော်ပိုရေးရှင်း　တိုကျိုဆဲအိအဲအိတက္ကသိုလ် / အသိအမှတ်ပြုသက်မွေးကျောင်း၊
အလုပ်သမားနှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၏ပြဋ္ဌာန်းချက်

# <u>တိုကျိုဆဲအိအဲအိတက္ကသိုလ် အချက်အပြုတ်သက်မွေးသင်တန်းကျောင်း</u>


## <u>ကျောင်းလျှောက်ရန်ဆွေးနွေးရေးအခန်း</u>

စာတိုက် ၁၂၄-၈၅၃၀　၁-၇-၅ နိရှိရှင်းခိုအိဝ ခစုရှိခ ရပ်ကွက် တိုကျိုမြို့

ဖုန်း (၀၃) ၃၆၉၆-၁၄၁၁ (ကိုယ်စား) ဖက်စ် (၀၃) ၃၆၉၂-၀၃၇၂

URL: https://www.seiei-chouri.ac.jp/

E-mail: nyugaku@seiei-chouri.ac.jp